# မင်းခိုက်စိုးစန် ထက်မြတ်နိုင်ဇင်

# သမီး ဂျာနယ်ဆရာ

ဝတ္ထုတိုစုစည်းမှု

# ကျွန်မ ကေတီဗီမှာ အလုပ်လုပ်ပါတယ်ရှင်

## (၁)

အခန်းတစ်ခုလုံး ဂီတယောင်ဆောင်ထားတဲ့ သီချင်းသံတွေ နဲ့ ဆူညံနေတယ်။ စည်းချက်မမှန်တဲ့ အော်ဂလီ ဆန်စရာ အသံကြီးရယ်၊ ဆူညံအက်ကွဲနေတဲ့ Sound Box အသံတွေ ရယ်ဟာ နားထဲကို ရေနွေးပူနဲ့ လောင်းချနေ သလို နာကျင် အခံရခက်လှတယ်။

ဒါဟာ ကျွန်မ နေ့တိုင်း ခံစားနေရတဲ့ ဝဋ်ဒုက္ခတစ်မျိုးပေါ့။ တချို့လူတွေ ပြောကြတဲ့ အသက်ရှင်နေရတာ ဝဋ်တစ်မျိုးပဲဆိုတာ ကျွန်မအတွက် သိပ်မှန်တယ်။ ညီစော်နံနေပြီး အေးစက်တဲ့ သားရဲတွင်း လို ချောက်ခြားစရာ ကောင်းလွန်းလှတဲ့ ဒီအခန်းထဲမှာ ကျွန်မ အလုပ်လုပ်တယ်။

ဘီယာနံ့၊ အရက်နံ့တွေ ၊ ညီစော်နံနေတဲ့ စကားလုံး ကြမ်းကြမ်းတွေ ၊ နမချင်း မစာမနာ ပြောဆိုကြတဲ့ ဟောဒီအခန်းလေးထဲမှာ ကျွန်မ အလုပ်လုပ်ပါတယ်။ အသက် ၃၀ ကျော်၊ အသက် ၄၀၊ အသက် ၅၀၊ အသက် ၆၀ ထိ အရွယ်ရှိတဲ့ ယောကျ်ားကြီးတွေ ဟောဒီအခန်းထဲကို လာကြတယ်။

သူတို့ဆီက ဆေးလိပ်နံ့ရောပြွမ်းနေတဲ့ ချွေးနံ့၊ ငွေကြေးနံ့တွေ ရတယ်။ သူတို့တွေ ထဲက တချို့ဟာ အပြင် လောကမှာ ဂုဏ်သိက္ခာကို ရွှေရောင် စက္ကူတွေ နဲ့ ထုပ်ပိုးထားတတ်ပေမယ့် ဟောဒီအခန်းလေးထဲကို ရောက်ရင် တော့ သူတို့ ဂုဏ်သိက္ခာတွေ ကို သိုးစော်နံသွားတတ်ကြတယ်။ သူတို့ရဲ့ သွေးတွေ ဟာ ဟောဒီ ကျွန်မ ငှဲ့ပေးနေတဲ့ ဘီယာခွက်ထဲ့ အမြှုပ်တွေ လို ပလုံစီနေတယ်။

အခု ဂုဏ်သိက္ခာသိုးစော်နံနေတဲ့ လူကြီးနှစ် ယောက် က သူတို့ရဲ့ ရမ္မက်ထန်တဲ့ သွေးခဲတုံး ခန္ဓာကိုယ်ကြီး တွေ ကို လှုပ်ခါရင်း ၁၆ နှစ် သားတွေ လို ခုန်ပေါက်ပြီး ကနေတယ်။ အဲဒီ အချိန်မှာ ပဲ သူတို့ အဖော် တစ်ယောက် ရဲ့ လက်မည်းမည်းကြီးက ကျွန်မရဲ့ ပခုံးသားပေါ် ကျလာတယ်။ အမြဲတမ်း အလုပ်မို့ မထူးဆန်းပေမယ့် ကျွန်မ ကတော့

ကျင့်သားမရစွာ ဆတ်ကနဲ တုန်သွားမိတယ်။ ရွံရှာစိတ်က ကျွန်မ အသွေးအသားထဲ စေ့ဆော်တာ ကြောင့် မသိမသာ ရှုန်းလိုက်မိတယ်။

"ဘယ်လို ဖြစ်တာလဲကွာ၊ မင်းကို ကိုကြီးတို့က မုန့်ဖိုးပေးမှာ ပါ"

သူက ကျွန်မကို အဆီပြန်နေတဲ့ မျက်နှာပြည့်တည့်တည့်ကြီးနဲ့ ကြည့်ရင်း နားနားကပ်ပြီး တိုးတိုးလေး ပြောတယ်။ အဲဒီ အခါ ကျွန်မက အချိုသာဆုံး ပြန်ပြုံး ပြလိုက်တယ်။ ပြီးတော့ သူ့အနားကို တိုးကပ်ပြီး သူ့သဘောကျ ပူးပူး ကပ်ကပ်ထိုင်လိုက်တယ်။ "လမ်းဘေးခွေး" ဖြစ်မှတော့ ပုပ်စော်နံနေတဲ့ ထမင်းသိုးကို အော်ဂလီဆန်ပြီး ရွံနေဖို့မှ မလိုတော့တာ။

ကျွန်မက ရုပ်ရှင်တွေ ၊ ဝတ္ထုတွေ ထဲကလို ဒီလိုနေရာမျိုးမှာ မရှိလို့ လာအလုပ်လုပ်ပေမယ့် ကိုယ့်မာနကို တော့ လာမထိနဲ့ဆိုတဲ့ အစားမျိုးထဲ ကတော့ မဟုတ်ဘူး။ ဒီဆိုင်က ပေးတဲ့ လခအပြင် ကျွန်မရဲ့ ဧည့်သည်ဆီက ဘာများ ထပ်ရမလဲလို့ စဉ်းစားနေတတ်တာ။ ရသမျှ အကုန်လိုချင်တာ ကျွန်မတို့ လောကသားတွေ ရဲ့ စရိုက်ပဲ။

ဒါပေမယ့် တချို့လူတွေ ကျတော့ ဒီနေရာကိုလည်း လာကြတယ်။ ပိုက်ဆံလည်း ဖောဖောသီသီ မသုံးနိုင် ဘူး။ ပြီးတော့ ကျွန်မကို မထိတထိ လုပ်ရုံအပြင် နောက်တစ်ဆင့် တက်လာချင်တဲ့ လူမျိုးဆိုရင်တော့ ကျွန်မက ခပ်တင်းတင်း ဆက်ဆံတတ်တယ်။

ဟုတ်တယ်လေ။ သူ့ဆီက ဘာမှ မရမယ့်အတူတူ ကိုယ့်ဆီကလည်း အလုပ်သဘောထက် ကျော်လွန်ပြီး အသားနည်းနည်း လေးတောင် အပွန်းအပဲ့ မခံနိုင်ဘူး။ ကျွန်မက ဒီအလုပ်ကို ဝါသနာပါလို့ လုပ်တာမှ မဟုတ်တာ။ ကျွန်မကို ဒီအမှော င်ထဲရောက်အောင် တွန်းပို့လိုက်တဲ့ လက်တွေ က အများ ကြီးပဲ။

ဘာတဲ့ လူတွေ ပြောတာရှိပါသေးတယ်။ "ငတ်ပြီးသေးတဲ့ မသာ မရှိဘူး" တဲ့။ ကျွန်မတို့ မိသားစု ကတော့ ငတ်ပြီး သေတော့မှာ မို့လို့ အသေမခံနိုင်လို့ ဒီနွံထဲ ကျွန်မ လာနစ်နေရတာ လေ။

အင်း နွံထဲ နစ်နေတယ်လို့တော့ မပြောချင်ပါဘူး။ ဟို ဘယ်လို ပြောရမလဲ။

ကုသိုလ် ကုသိုလ်တွေ ထဲမှာ ကျွန်မ နစ်နေတာပေါ့။

ကျွန်မအဖေရဲ့ အစ်မနှစ် ဝမ်းကွဲ တစ်ရပ်ကွက်တည်းနေတဲ့ ကြီးတော် မြကပြောဖူးတယ်။

"ဟဲ့ တင်တင်ခိုင်ရယ်၊ ညည်း ဒီလို အလုပ်မျိုးတွေ လုပ်ပြီး မိဘကို ရှာကျွေးတာ နည်းတဲ့ ကုသိုလ်လားအေ"

အဲဒီ လို ပြောတိုင်း ကျွန်မ စေ့စေ့ပြုံး တယ်။ ကုသိုလ်တွေ ဘာတွေ တော့ ကျွန်မ နားမလည်ပါဘူး။ မိဘကို ရှာဖွေကျွေးကြတာချင်းအတူတူ ဒီလို အလုပ်မျိုးလုပ်ပြီး ရှာကျွေးရင် ကုသိုလ်ပိုရမယ်လို့တော့လည်း ကျွန်မ မယုံကြည်ဘူး။

ဒါပေမယ့် ကျွန်မမိသားစုကို ထမင်း မငတ်အောင် ရှာကျွေးရမယ်ဆိုတဲ့ အသိစိတ်တော့ ကျွန်မမှာ ရှိတယ်။

အခုဆို မောင်လေးက နည်းပညာတက္ကသိုလ် တက်နေတယ်။ ညီမလေးက ဒီနှစ် ၈ တန်း။ ကျွန်မ အဖေက အင်ဆူလင်ထိုးနေရတဲ့ ဆီးချို ရောဂါ သည်။ ကျွန်မ အမေက ကျောက်ကပ် မကောင်းဘူး။

သူတို့လေးယောက် ရဲ့ ဘဝလေးခုနဲ့ ကျွန်မ ဘဝတစ်ခုနဲ့ လဲထားတာ။ ဘာဖြစ်သေးလဲ။ လောကကြီးဟာ တကယ်တော့ အလောင်းအစားပဲ။

"မင်း ထိုးကျွေးတာများ ရင် မင်း များများ ပြန်ရမှာ ပဲ"

ဒါပဲ. .။ ကျွန်မ ကတော့ အဲဒီ လိုပဲ နှလုံးသွင်းတယ်။ ကျွန်မ မခိုးဘူး၊ မဝှက်ဘူး၊ လူမသတ်ဘူး၊ သူများ အပေါ် မယုတ်မာဘူး၊ မလိမ်ဘူး။ သူတပါး ဒုက္ခရောက်အောင် ဘယ်တော့မှ မလုပ်ဘူး။ ကျွန်မဘဝကို ကံကြမ္မာက ပစ်ချထားတဲ့နေရာမှာ ကျွန်မ အကောင်းဆုံး ဖြစ်အောင် လုပ်တယ်။

ကျွန်မ မောင်လေးတွေ ၊ ညီမလေးတွေ ပျော်ပျော်ရွှင်ရွှင်နဲ့ ကျောင်းတက်နေတာ မြင်ရရင် ကျွန်မ ကျေနပ်တယ်။ ကျွန်မ မိဘနှစ် ပါး ကောင်းကောင်းမွန်မွန်

စားသောက်နေတာတွေ ့ရင် ကျွန်မ ကြည်နူးတယ်။ အဲဒီ လို အမြဲတမ်း ဖြစ်နေစေဖို့ ကျွန်မ ဒီအလုပ်ကို လုပ်မယ်။

အဲဒါ ကျွန်မ သစ္စာပဲ။

***

(၂)

ဒီနေ့ ကျွန်မ အလုပ်နားရက်။ ကျွန်မတို့ အလုပ်က တစ်ပတ်ကို ၁ ရက်တော့ အလှည့်ကျ နားခွင့်ပေးတယ်။ ကြိုက်တဲ့ရက်ကို ဆိုင်က မိန်းကလေးတွေ အချင်းချင်း ညှိပြီး တစ်လှည့်စီ နားကြတာပေါ့။

ဒီနေ့က ကျွန်မ နားရက် ဖြစ်ပေမယ့် ပိုက်ဆံလိုတာနဲ့ လစာကြိုထုတ်ဖို့ ဆိုင်ကို ရောက်လာတယ်။ ကျွန်မ မောင်လေးက မနက်ဖြန် ကျူရှင်ဖိုးတွေ ပေးဖို့ရှိလို့ ကျွန်မဆီက ပိုက်ဆံ တောင်းတယ်လေ။ တစ်ဘာသာကို နှစ် သော င်းနဲ့ ၉ ဘာသာတောင်။

ကျွန်မလက်ထဲမှာ လည်း ပိုက်ဆံ လုံလုံလောက်လောက် မရှိတာနဲ့ ဆိုင်က မန်နေဂျာဆီပဲ သွားရတော့ တာပေါ့။ ကျွန်မ ဆိုင်ကိုရောက်တော့ အချိန်က ည ၁၀ နာရီခွဲနေပြီ။

အဲဒီ အချိန်မှာ ပဲ ကျွန်မနဲ့ ရှေ့ဆင့်နောက်ဆင့် လူ ၄ ယောက် ဆိုင်ကို ရောက်လာတယ်။ ၄ ယောက် ထဲမှာ ၃ ယောက် က အသက် ၄၀ ကျော် အရွယ်တွေ ။ ဒါပေမယ့် ထူးထူးခြားခြား ၄ ယောက် ထဲက ၁ ယောက် က (ကျွန်မ မောင်လေးထက် ပိုကြီးရင် နည်းနည်း ပဲ) အသက် ၂၀ ကျော်ရုံလေးပဲ ရှိဦးမယ်။ အသားဖြူဖြူ အရပ်ရှည်ရှည်နဲ့ ဆံပင်လေးတွေ ကလည်း မည် းနက်နေတာပဲ။

သူက ရက်သလိုလိုနဲ့ ခေါင်းကို မသိမသာ အောက်ငုံ့ထားတယ်။ လူ ၃ ယောက်

ထဲက မိုက်ရွဲရွဲ ဂင်တိုတို တစ်ယောက် က စ ပြောလိုက်တယ်။

“ကျွန်တော် တို့ အခန်း နှစ် ဆက်ရှင် ယူမလို့ ပြီးရင် ကောင်မလေးတွေ လည်း ခေါ်ချင်တယ်”

“ဟုတ်ကဲ့ ဘယ်နှစ် ယောက် ခေါ်ချင်တာလဲ”

“၄ ယောက် ”

စောစောက ခေါင်းအောက်ငုံ့နေတဲ့ ကောင်လေးက ပြုံး ပြုံး ဖျာဖျာ ဖြစ်သွားပြီး

“ဟာ ကျွန်တော် မခေါ်ချင်ပါဘူး။ လေးလေးတို့အတွက်ပဲ ခေါ်ပါဗျာ”

လို့ ခပ်ဆတ်ဆတ်ပြောလိုက်တယ်။

“ကဲ ဒါဆို ၃ ယောက် ဗျာ”

“အင်း ၃ ယောက် ဆိုတော့ ခွပဲ။ အခု လောလောဆယ် ၂ ယောက် ပဲ အားတယ်။ ခက်တာပဲ။ ကဲ တင်တင်ခိုင်ရေ ညည်း အလုပ်နားရက်ဆိုတော့ အားတော့ နာပါတယ်ဟာ။ ဒါပေမယ့် နှစ် ဆက်ရှင်လောက်တော့ ဝင်ကူပေးစမ်းပါဦး။ ညည်းကို အိုဗာတိုင်ကြေးပေးပ့ါမယ်”

“ဟုတ်”

ကျွန်မလည်း ပိုက်ဆံလိုနေတဲ့အချိန်ဆိုတော့ တော် တော် ပျော်သွားတယ်။ ဆိုင်ကပေးမယ့် အိုဗာတိုင်ကြေး ကို မက်လို့တော့ မဟုတ်ပါဘူး။ ဒီလို ဝင်ခွင့်ရရင် ဧည့်သည်က သဘောကျရင် ကျသလို၊ ကိုယ်က အထာညက်ရင် ညက်သလို မြိုး မြိုး မြက်မြက်ကလေး ရတတ်တာကိုး။

အဲဒီ အချိန်မှာ ပဲ သူတို့နဲ့ အတူပါလာတဲ့ ဆံပင်မည်းနက်နက် ကောင်လေးက ကျွန်မကို ငေးကြည့်နေတာ သတိထားလိုက်မိတယ်။

***

အခန်းထဲရောက်တော့ ကျွန်မတို့အလုပ်ရဲ့ ထုံးစံအတိုင်း သူတို့ကို ဘီယာငှဲ့ပေး၊ သီချင်းဖွင့်ပေး၊ သူတို့နဲ့ အတူ သီချင်းတွဲ ဆိုပေး၊ စီးကရက် မီးညှိပေး စသဖြင့် လုပ်ကြတယ်။

စောစောက ကောင်လေး ကတော့ ကျွန်မတို့နဲ့ မျက်နှာချင်းဆိုင်ခုံမှာ တစ်ယောက် တည်းထိုင်ပြီး ဘီယာ သောက်ရင်းနဲ့ ကျွန်မတို့ သီချင်းဆိုနေတာကို စိတ်မပါ လက်မပါ ထိုင်ကြည့်နေတယ်။ မကြာခဏ ဆိုသလို သူ့မျက်လုံးတွေ က ကျွန်မ တစ်ယောက် တည်းအပေါ် ရောက်ရောက်လာတယ်။

သူတို့နဲ့အတူပါလာတဲ့ အဖော်လူကြီး တစ်ယောက် က ကျွန်မကို ကြုံး ဖက်လိုက်တဲ့အခါတိုင်း သူ့မျက်နှာ ပျက်ပျက်သွားတတာကို ကျွန်မ သတိထားမိတယ်။

ခဏ အကြာ သီချင်းတစ်ပုဒ်ဆုံးသွားတော့ သူက သောက်လက်စ ဘီယာခွက်ကို ဆောင့်ချလိုက်ရင်း

"တော် ပြီဗျာ၊ ပြန်ကြရအောင်။ ပျော်ရမလားလို့ လေးလေးတို့နဲ့ လိုက်လာတာ။ မပျော်ရတဲ့အပြင် နားကို ညည်းနေတာပဲ၊ ဘာတွေ မှန်း မသိဘူး"

လို့ ပြောလိုက်တော့ ဗိုက်ရွဲရွဲ ဂင်တိုတို လူကြီးက

"ကိုဖြိုး ရာ အခုမှ တစ်ဆက်ရှင် ပြည့်ရုံပဲ ရှိသေးတာ။ ခဏလေး နေပါဦး၊ ငါ့တူကလည်းကွာ"

"မရဘူးဗျာ။ လေးလေး အခု ချက်ချင်း မပြန်ရင် ကျွန်တော် တီတီနဲ့ တိုင်ပြောမှာ နော်"

"ဟာ မင်းကလည်းကွာ၊ ငါ့ အညာကို ကိုင်တော့တာပဲ။ ကဲ ဘော်ဒါတို့ရေ၊ ပြန်လစ်ကြရအောင်ကွာ။ နို့မို့ဆို အိမ်ရောက်ရင် မိန်းမနဲ့ ကွိုင်တက်တော့မယ်။ ဒီမှာ ကိုဖြိုး ပြး နာ ရှာနေပြီကွ"

တခြားလူတွေ က မပြန်ချင် ပြန်ချင်နဲ့ မျက်နှာတွေ ရှုံ့မဲ့ကုန်ကြတယ်။

"အေးကွာ ပြီးရော၊ ဒါပေမယ့် ဒီအတိုင်းတော့ မပြန်ဘူး ဟေ့ကောင်။ ငါတို့က ဒီည အပြတ်ကဲမယ်လို့ ရည်ရွယ်ထားပြီးသားမို့လို့ အပျော်လေးတွေ ဆက်လိုက်ဦးမယ်။ ခဏလေး"

လို့ ပြောပြီး ကျွန်မတို့ဘက်ကို လှည့်ကာ မျက်နှာချိုသွေးပြတယ်။ ပြီးတော့

"ကိုယ်တို့နဲ့ အပြင်မှာ မုန့်သွားစားရအောင် လိုက်ခဲ့မလား။ ကိုယ်တို့က မုန့်ဖိုးပေးမှာ ပါကွာ"

ကျွန်မ သိလိုက်ပြီ။ ဧည့်သည်တိုင်းက ကျွန်မတို့ကို "မုန့်သွားစားရအောင်"၊ "ဘုရားလိုက်ပို့ပေးမယ်" စသဖြင့် ပြောကြပြီဆိုရင် ဒါဟာ ကျွန်မတို့ကို အပြင်ထွက်အိပ်ဖို့ ခေါ်တာပါပဲ။ ကျွန်မတို့လောကရဲ့ တချို့ မိန်းကလေးတွေ ဟာ အဲလို ခေါ်ပြီဆိုရင် ရင်းနှီးမှု အရ လိုက်တာရှိသလို၊ ငွေကြေးအရ လိုက်တဲ့သူတွေ လည်း ရှိတယ်။

သူတို့နဲ့ ခင်တဲ့ အမြဲတမ်းဖောက်သည်တွေ ဆိုရင် ခင်မင်မှု အရ ဘောနပ်စ်ပေးသလို အပြင်ထွက်ပြီး လိုက်အိပ်ပေးလေ့ရှိတယ်။ ကျွန်မ အဖော် မိန်းကလေးနှစ် ယောက် ကတော့ "အင်း" ဟု သဘောတူ ခေါင်းညိတ် လိုက်တယ်။

ကျွန်မ ကတော့ ဘာလုပ်ရမှန်းမသိဘဲ တွေ ဝေသွားရင်း ဘာမဆိုင် ညာမဆိုင် အဲဒီ ကိုဖြိုး ဆိုတဲ့ ကောင်လေးကို မသိမသာ ကြည့်လိုက်မိတယ်။ အဲဒီ ကိုဖြိုး က ကျွန်မကို အဓိပ္ပာယ်တွေ အများ ကြီးပါတဲ့ မျက်လုံး တွေ နဲ့ လှမ်းကြည့်နေတယ်။

ကျွန်မ ဘာလုပ်ရမလဲ။

ပုံမှန်အတိုင်းဆိုရင် ကျွန်မ ဝမ်းသာအားရ လက်ခံလိုက်မိမှာ ပဲ။ အခုတွေ့ရတဲ့ ဧည့်သည်ပုံစံတွေ ကလည်း ငွေကို ရေလို သုံးဖြုန်းနိုင်တဲ့ အနေအထားနဲ့ ဘီးကြဲကြီးတွေ ဆိုတာ ကျွန်မ ကောင်းကောင်းသဘောပေါက်တယ်။ ပြီးတော့ ကျွန်မ မောင်လေးအတွက် ပိုက်ဆံကလည်း လိုနေတာလေ။

ဒါပေမယ့် အသက် ၂၅ နှစ် သာရှိသေးတဲ့ ကျွန်မအတွက် ကျွန်မနဲ့ အရွယ် မတိမ်းမယိမ်း ယောကျ်ားလေး တစ်ယောက် ရဲ့ အကြည့်တွေ ဟာ ကျွန်မရဲ့ ရှက်ရွံ့သိမ်ငယ်စိတ်တွေ ကို တူးဆွပစ်လိုက်တယ်။ သူ့ရှေ့မှာ တခြား ယောကျ်ားကြီးတွေ နဲ့ လိုက်အိပ်ဖို့ ခေါင်းညိတ်ပြလိုက်ရမှာ ကို ကျွန်မ ဝန်လေးသွားမိတယ်။ ဒါနဲ့ ကျွန်မက အလိုအလျောက်ပဲ

"ဆောရီးပဲ ကျွန်မ အဲဒီ လို လိုက်လေ့မရှိဘူး"

ကျွန်မက တိတ်တခိုး မျက်လုံးထောင့်ကပ်ပြီး ကြည့်လိုက်တော့ ကျွန်မဆီက တုံ့ပြန်စကားကို စိုးရိမ်တကြီး စောင့်မျှော်နေတဲ့ သူ့မျက်နှာ ဖြူဖြူနုနုလေးဟာ ဖျတ်ကနဲ ကြည်တက်တောက်ပသွားသလိုပဲ။

***

(၃)

အဲဒီ လိုနဲ့ နောက် ၂ ပတ်၊ ၃ ပတ်ကြာတော့ အဲဒီ ကိုဖြိုး ဆိုတဲ့ ကောင်လေးကို ကျွန်မ အလုပ်လုပ်တဲ့ ဆိုင်ရဲ့ မျက်စောင်းထိုးက ကော်ဖီဆိုင်မှာ ၂ ရက်ခြား၊ ၃ ရက်ခြားဆိုသလို တွေ့တွေ့နေရတယ်။

အစ ကတော့ သူလည်း သူ့ကိစ္စရှိလို့ လာတာ ဖြစ်မှာ ပေါ့လေလို့ တွေးလိုက်မိသေးတယ်။ ဒါပေမယ့် သူက တစ်ယောက် တည်း အဲဒီ ကော်ဖီဆိုင်မှာ ထိုင်ပြီးတော့ ကျွန်မ အလုပ်သွား အလုပ်ပြန်ချိန်တွေ မှာ ကျွန်မကို ငေးငေးကြည့်နေတာကို ကျွန်မ သတိထားမိလာတယ်။

အဲဒီ လိုနဲ့ တစ်နေ့ ကျွန်မ လမ်းလျှောက်နေရင်း ဖိနပ်ပြတ်သွားတယ်။ ကျွန်မ ဖိနပ်ပြတ်သွားတာကို လမ်း ပေါ်က တခြားဘယ်သူမှ သတိမထားမိခင်မှာ ပဲ ကိုဖြိုး က

ဆိုင်ထဲက ကပျာကယာပြေးထွက်လာပြီးတော့

"မမ ဖိနပ်ပြတ်သွားတာလား။ လှည်းတန်းဘက်မှာ ဖိနပ်ဆိုင်တွေ ပေါတယ် မမ။ မမ ခွင့်ပြုမယ်ဆိုရင် မမကို ကျွန်တော့်ကားနဲ့ လိုက်ပို့ပါရစေ"

ကျွန်မလည်း (ဟိုးလမ်းထိပ်က စတိုးဆိုင်မှာ ဖိနပ်ဝင်ဝယ်စီးလို့ရရဲ့ သားနဲ့ မပြောဘဲ) ကျွန်မတို့ လောကရဲ့ စရိုက်အတိုင်း ဘာရယ်မဟုတ်ဘဲ သူ့ကားပေါ် ထိုင်လိုက်ခဲ့တယ်။ သူက သူ့လိပ်စာကတ်ထုတ်ပေးမယ်။ သူ့ နာမည် က ဖြိုး ထွန်းခေါင်၊ လိပ်စာက ပတ္တမြားဥယျာဉ်အိမ်ယာတဲ့။

အဲဒီ ဥယျာဉ်အိမ်ယာထဲက အိမ်တစ်အိမ်မှာ အိမ်ဖော်လုပ်နေတဲ့ ကြီးတော် မြ ခဏ ခဏ ပြောပြနေလို့ အဲဒီ က လူတွေ ဘယ်လောက်ချမ်းသာသလဲဆိုတာ နားရည်ဝနေတယ်။

ရေကူးကန်တွေ ၊ အားကစားရုံတွေ နဲ့ ကိုယ်ပိုင်ခြံဝင်းကျယ်ကြီးတွေ ထဲမှာ နှစ်ထပ်တိုက်၊ သုံးထပ်တိုက်တွေ ဆောက်ပြီး တစ်သီးတသန့် နေတတ်ကြတဲ့ လူတန်းစာတွေ ရဲ့ နေရာပါ။ သူက "လာလည်နော် မမ" လို့ပြောတော့ ကျွန်မ ပြုံး ပြီး ခေါင်းညိတ်ပြလိုက်တယ်။

ဒါပေမယ့် ကျွန်မ အဲဒီ ကို ဘယ်တော့မှ သွားလည်ဖို့ စိတ်ကူးမရှိပါဘူး။

သူ ကတော့ စကားကို အမျှင်မပြတ် ဆက်တိုက်ပြောနေတယ်။ လာမယ့် ဖေဖော်ဝါရီကျရင် သူ့အသက် နှစ် ဆယ့်တစ်နှစ် ပြည့်မယ့်အကြောင်း၊ ကနေဒါမှာ ဂရပ်ဖစ်ဒီဇိုင်း ဒီပလိုမာယူပြီး ပြန်လာတာ မကြာသေးတဲ့ အကြောင်း၊ သူတို့အိမ်မှာ အဖေ၊ အမေနဲ့ သူ့ အစ်မ တစ်ယောက် အပါအဝင် စုစုပေါင်း မိသားစု လေးယောက် တည်း နေကြတဲ့အကြောင်းတွေ စသဖြင့် စုံနေအောင် ပြောတော့တာပဲ။ ကျွန်မ ကတော့ တအင်းအင်းနဲ့ ခေါင်းညိတ်လို့ပေါ့။

အဲဒီ လိုနဲ့ ကျွန်မတို့ တစ်ယောက် နဲ့ တစ်ယောက် နည်းနည်း ရင်းနှီးသွားကြတယ်ဆိုပါတော့။

နောက်နစ် ရက်လောက်နေတော့ ကျွန်မ အလုပ်က အပြန်မှာ သူက ကားနဲ့ လာစောင့်နေတယ်။ လမ်းကြုံသလိုလို ဘာလိုလိုပြောပြီး ကျွန်မကို အိမ်အပြန် လိုက်ပို့လေရဲ့ ။ ကျွန်မက အိမ်နားအထိ လိုက် မပို့ခိုင်းဘဲ လမ်းထိပ်မှာ တင် ရပ်ခိုင်းပြီး ကားပေါ်က ဆင်းတော့

သူက

"နောက်ရက်တွေ ကျရင်လည်း မမ အလုပ်သွား အလုပ်ပြန်ကျရင် ကျွန်တော် ပဲ အကြိုအပို့ လုပ်ပေးပါရ စေနော် မမ"

ကျွန်မက ဟန်လုပ်ပြီး ငြင်းပါသေးတယ်။ သူ ကတော့ ဇွတ်ပဲ အတင်းတောင်းဆိုနေတာ။ နောက်ဆုံးတော့ ကျွန်မလည်း တက္ကစီခ သက်သာရင် နည်းသလားလို့ သဘောထားပြီး သူပြောတာကို လက်ခံလိုက်တယ်။

ပထမ လေးငါးခေါက် ကတော့ ဘုရားစူးရစေ့။ ကျွန်မ သူ့အပေါ် ဘာစိတ်မှ မရှိခဲ့ဘူး။ ကိုယ်ပိုင်ကားကို ခေါင်းခန်းက စီးပြီး ပြန်ရတာ ရယ်၊ တက္ကစီခ သက်သာတာရယ်၊ For Show လုပ်လို့ ကောင်းတာရယ်ကြောင့် ကျွန်မကို နေ့တိုင်း အကြို အပို့လုပ်ပေးနေတာကို မငြင်းဘဲ သာယာနေခဲ့တာ။

ဒါပေမယ့် လေးငါးခါမက ရှစ်ခါ ကိုးခါလောက်ကျတော့ ကျွန်မ လိပ်ပြာ မလုံတော့ဘူး။ ပြီးတော့ ဘာ ကြောင့် မှန်းမသိဘူး။ သူ့ရဲ့ ကလေးဆန်ဆန် မျက်နှာလေးကိုကြည့်ရင် သနားလာမိတယ်။ ငါ့မောင်လေးသာ ဆိုရင်လို့ အတွေး ဝင်လာတဲ့အခါ နောက်တစ်ခါကျရင်တော့ ကျွန်မ သူ့ကို ပြတ်ပြတ်သားသားငြင်းဖို့ ဆုံးဖြတ်လိုက် တယ်။

သူ ကျွန်မကြောင့် လူပြောခံရမှာ ၊ သိက္ခာကျမှာ ၊ အညွှန့်ကျိုးမှာ တွေ ကို ပူပန်သွားမိတယ်။ တကယ်ပါ၊ ကျွန်မဘဝမှာ ယောကျ်ား တစ်ယောက် ကို အခုလောက် တစ်ခါမှ စိတ်မပူတတ်ခဲ့ဘူး။

နောက်ဆုံးမှာ တော့ ကျွန်မ တကယ်ကို အပြတ်သားဆုံး ငြင်းဆန်လိုက်တယ်။

“ကိုဖြိုး မင်း မနက်ဖြန်ကစပြီး ငါ့ကို အကြိုအပို့ မလုပ်ပေးနဲ့တော့ကွာ။ ရှင်းရှင်း ပြောလိုက်မယ်၊ နောက်နောင် မင်း ငါနဲ့လည်း ဘယ်တော့မှ လာ မပတ်သက်နဲ့တော့”

“ဗျာ မမ၊ မမ ဘယ်လို ပြောလိုက်တယ်”

“အေး ဟုတ်တယ်၊ ငါက မင်း ခင်လို့ကောင်းတဲ့ မိန်းမစားမျိုး မဟုတ်ဘူး။ ငါနဲ့ ဆက်ပြီး ပတ်သက်နေရင် မင်းပဲ သိက္ခာကျလိမ့်မယ်။ အဲဒီ တော့ မင်း ငါနဲ့ ဝေးဝေးနေပါ”

“ဟာ ဘာတွေ လဲဗျာ။ ကျွန်တော် က ဘာလို့ သိက္ခာကျရမှာ လဲ။ ဒီမှာ မမ၊ ကျွန်တော် ပွင့်ပွင့်လင်းလင်းပဲ ပြောမယ်။ ကျွန်တော် မမကို ဒီလိုတွေ လိုက်ပြီး ပတ်သက်နေတာ ခင်လို့ မဟုတ်ဘူးလေ။ ကျွန်တော် မမကို ချစ်လို့ဗျ၊ ချစ်လို့။ မမ မသိချင်ဟန်ဆောင်မနေပါနဲ့ဗျာ”

“ဟင်”

သူ့စကားဆုံးတော့ ကျွန်မ တုန်လှုပ်သွားမိတယ်။ ကိုယ့်ဘာသာကိုယ် သတိမထားမိဘဲ ကျွန်မ ပါးစပ်က “ဟင့်အင်း” ဆိုတဲ့ စကားလုံးတွေ ပဲ ဆက်တိုက်ထွက်လာနေတယ်။ သူက စကားတွေ တတွတ်တွတ် ဆက်ပြောနေ တယ်။ ဘာတွေ မှန်း ကျွန်မ သဲသဲကွဲကွဲ မကြားရတော့ဘူး။ ကျွန်မ ဦးနှောက်တွေ က သစ်သီးဖျော်စက်ထဲမှာ ထည့်ပြီး အမွှေခံနေရသလိုပဲ။ ဖရိုဖရဲ ချာချာလည် လွင့်စင်နေတယ်။

“ဟင့်အင်း ဟင့်အင်း ဟင့်အင်း”

ကျွန်မ နှလုံးသားရဲ့ အသက်ဓာတ်ကို စောင့်ရှောက်မယ့် ဂါထာတစ်ပုဒ်လိုမျိုး “ဟင့်အင်း” ဆိုတာကိုပဲ တတွတ်တွတ် ရွတ်နေမိလေရဲ့ ။ ကျွန်မ မျက်လုံး ကတော့ မျက်ရည်တွေ နဲ့ ဖုံးနေလို့ ဘာကိုမှ မမြင်ရတော့ဘူး။

***

တညလုံး ငိုထားတာမို့ မနက်အိပ်ရာနိုးတော့ မျက်နှာကြီး တစ်ခုလုံး ဖောင်းတင်းနေတယ်။ ခေါင်းတစ်ခု လုံးကလည်း သံချွန်တွေ ရိုက်သွင်းထားသလားတောင် ထင်ရတယ်။ စူးပြီး ထိုးနေတယ်။ မသင်္ကာလို့ ကိုယ့် နဖူး ကိုယ်စမ်းမိတော့ မီးဖိုသံပြားပေါ် ကပ်ရသလို ပူခြစ်တောက်နေတယ်။

"သွားပြီ ငါတော့ ဖျားပြီထင်တယ်"

တစ်ယောက် တည်း ခပ်တိုးတိုးပြောရင်း ခန္ဓာကိုယ်ပေါ်က စောင်ကို ခွာပြီး ထထိုင်ဖို့ ကြိုး စားလိုက်တယ်။ ထိုင်လိုက်တော့မှ တစ်ကိုယ်လုံး ညောင်းညာကိုက်ခဲနေတာကို သတိထားလိုက်မိတယ်။

"ဒုက္ခပါပဲ။ ဒီအတိုင်းဆို ညနေတောင် အလုပ်ဆင်းနိုင်မှာ မဟုတ်တော့ဘူး။ သူ လာစောင့်နေရင်တော့ အို ငါ ဘာတွေ လျှောက်တွေ းနေမိပါလိမ့်"

မသိစိတ်က ကျွံထွက်လာတဲ့ ခံစားချက်ကို အတင်းလုံအောင် ပြန်ပိတ်ရင်း အိပ်ယာပေါ် စိတ်ပျက် လက်ပျက် ပြန်လှဲချလိုက်ရတယ်။

အဲဒီ အချိန်မှာ ပဲ အိမ်ရှေ့ကနေ ကြီးတော် မြရဲ့ အသံကို ကြားလိုက်ရတယ်။

"ဟဲ့ တင်တင်ခိုင်ရေ တင်တင်ခိုင်"

ခေါ်သံနဲ့အတူ အိမ်ပေါ်တက်လာတဲ့ ခြေသံကိုပါ ကြားလိုက်ရတယ်။ အမေက အခန်းထဲမှာ လို့ ပြောလိုက်လို့ ကြီးတော် မြ ကျွန်မ အခန်းထဲ ဝင်လာပြီး

"တင်တင်ခိုင် နေတောင် မြင့်နေပြီ၊ ညည်းက အိပ်ယာက မထသေးဘူးလားတော့"

"ထတော့မှာ ပါ ကြီးတော် ရဲ့ ။ ဒါနဲ့ ဒီနေ့ ကြီးတော် က အလုပ်နားတာလား"

"အမလေး နားတာမဟုတ်ဘူးဟေ့၊ အထုတ်ခံလိုက်ရတာ "

"ဟင် ဘာလို့လဲ ကြီးတော် ရဲ့ "

"မသိပါဘူးအေ၊ အဲဒီ အိမ်ရှင်ရဲ့ သမီးက လင်ကောင်မပေါ်ဘဲ ဗိုက်ကြီးတယ်လေ။ တကယ်ဆို ပိုက်ဆံ ရှိတဲ့ သူဌေးတွေ ပဲအေ။ ကိုယ်မလိုချင်လည်း လူမသိ သူမသိ နှစ် လ သုံးလလောက်ကတည်းက ဖျက်ချလိုက်တာကမှ လူဆန်ဦးမယ်။ အခုတော့ ဟင်း"

"ရှင် ဘာ ဖြစ်လို့လဲ ကြီးတော် ရဲ့ "

"အဲဒီ သူဌေးသမီးက မဖျက်ချဘဲ ကလေးကို နေ့စေ့လစေ့ မွေးတယ်။ မွေးပြီးတော့ ချက်ကြိုး မဖြတ်ဘဲ ဒီအတိုင်းထားလိုက်တာ နာရီဝက်လောက်ကြာတော့ ကလေးက သေပါရောလားအေ"

"ဘုရား ဘုရား ကြီးတော် ဟာလည်း သေချာရဲ့ လား"

"သေချာပ့ါတော်၊ ငါ့ကို အဲဒီ အိမ်မှာ အလုပ်လုပ်တဲ့ ခင်အေးမိက ဟိုတလောက ငါနဲ့ လမ်းမှာ ဆုံလို့ ပြောလိုက်တာအေ့။ သူ့ကိုတောင် ပိုက်ဆံပေးပြီး တောပြန်ပို့တာ။ ခင်အေးမိက မပြန်ဘဲ သူ့ရည်းစားနဲ့ ယူလိုက် ပြီးတော့ ငါတို့ ဟိုဘက်ရပ်ကွက်မှာ အိမ်ငှားပြီး နေနေတာ။ အဲဒီ ကိစ္စ ဖြစ်ပြီးကတည်းက အိမ်ကြီးရှင်တွေ က ငါ့ကိုပါ မလာခိုင်းတော့ဘူး"

ကြီးတော် ရဲ့ စကားဆုံးတော့ ကျွန်မ ကြက်သီးမွေးညှင်းထမတတ် လန့်သွားမိတယ်။ တဖြည်းဖြည်းနဲ့ လောကကြီးကိုပါ ကျွန်မ နားမလည်နိုင် ဖြစ်သွားတယ်။

"ဒီလို စိတ်ထားယုတ်ညံ့ကြမ်းတမ်းတဲ့သူတွေ ဆီမှာ ဘာကြောင့် ပိုက်ဆံတွေ အများ ကြီး ရှိနေရတာ လဲ"

ကျွန်မ အတွေ းထဲ မျောနေချိန်မှာ ပဲ ကြီးတော် မြကေ

"နေစမ်းပါဦးအေ့၊ ညည်းကရော ဘာလို့ ငိုထားတာလဲ။ ရည်းစားပူမိနေတာလား"

ဒက်ကနဲ ထိသွားတဲ့ ကြီးတော် အပြောကြောင့် ကျွန်မ ဘာပြန်ပြောရမှန်းမသိ ဖြစ်သွားတယ်။

ကျွန်မ ငြိမ်သွားပုံကို ကြီးတော် က ငယ်ရာမှ ကြီးလာသူပီပီ အကဲခတ်မိသွားပြီး

“ရည်းစားပူမိလို့တော့ ထိုင်ငိုမနေနဲ့ တင်တင်ခိုင်ရေ၊ ညည်းလို မိန်းကလေးမျိုးကို ဘယ်သူကမှ အတည် ယူမှာ မဟုတ်ဘူး။ ဒီလိုပြောလို့ ငါ့ စိတ်မဆိုးနဲ့။ ငါက စေတနာနဲ့ ပြောတာ။ ချိုးချိုးဖွဲ့ဖွဲ့ ပြောတယ်လည်း မထင်နဲ့။ ညည်းက ငါ့တူမ၊ တော် ကြာ ညည်းကို ကြောရရုံကြံတဲ့လူမျိုးနဲ့တွေ ့ရင် ညည်း ဒုက္ခရောက်မှာ စိုးလို့ သတိပေးချင် တာပါအေ”

ကျွန်မလည်း ကြီးတော် ကို ဘာမှ ပြန်မပြောချင်တာနဲ့ပဲ နံရံကိုပဲ အဓိပ္ပာယ်မဲ့ ငေးကြည့်နေမိတယ်။

***

# (၄)

နောက်တစ်ရက်မှာ တော့ ကျွန်မလည်း သိပ်နေမကောင်းချင်ပေမယ့် အလုပ်က ရက်ပျက်များ ရင် ကိုယ့် ဖောက်သည် သူများ ဆီရောက်သွားနိုင်တာမို့လို့ အားတင်းပြီး လာခဲ့လိုက်တယ်။ လမ်းလျှောက်ရင်း ခေါင်းထဲက မူးနောက်နောက် ဖြစ်နေတာနဲ့ လမ်းဘေးမှာ ရောင်း တဲ့ ကြံရည်တစ်ခွက် ဝယ်သောက်လိုက်ရတယ်။

အဲဒါနဲ့ ကျွန်မက ဖြည်းဖြည်းချင်းပဲ လျှောက်သွားလိုက်တယ်။ အဲဒီ အချိန်မှာ ပဲ ကျွန်မနောက်က ပြေးလိုက် လာတဲ့ ခြေသံကို ကြားလိုက်တယ်။ လှည့်ကြည့်လိုက်တော့ ကျွန်မ ထင်တဲ့အတိုင်း ကိုဖြိုး ပဲ။ ကျွန်မ ခြေလှမ်းကို အရှိန်တင်ပြီး ခပ်သွက်သွက် လှမ်းလိုက်တယ်။

"မမ မမ ခဏလေးနေပါဦး။ မမ မနေ့က အလုပ်မလာဘူးနော်။ ဘာဖြစ်လို့လဲဟင်၊ နေမကောင်းလို့လား"

ကျွန်မ ဘာမှ ပြန်မဖြေမိဘူး။

"မမရယ် တခုခုတော့ ပြန်ပြောပါဦး။ ကျွန်တော် မနေ့က မမကို စောင့်နေသေးတယ်။ ည ၈ နာရီ ထိုးတဲ့ အချိန်ထိ မလာတာနဲ့ မမ အိမ်ရှေ့ဘက်တောင် ရောက်သွားသေးတယ်။ ဒါပေမယ့် မမ အိမ်က သိသွားရင် မမ ပိုပြီး စိတ်ဆိုးမှာ စိုးလို့ ကျွန်တော် လှည့်ပြန်ခဲ့တာ"

"ဟင် မင်း ဘယ်လိုလူလဲ၊ ငါ မင်းကို အပြတ်ပြောထားပြီးသားလေ။ ငါနဲ့ မပတ်သက်ချင်ပါနဲ့။ ငါ တောင်းပန်ပါတယ်"

"မရတော့ဘူးလေ မမ။ ကျွန်တော် မမကို အရမ်းချစ်နေပြီ"

ကျွန်မ သူ့အပြောကြောင့် သရောသလို တစ်ချက် ပြုံး လိုက်မိတယ်။ ဒါကို အကင်းပါးတဲ့ ကိုဖြိုး က မြင်သွားပြီး

“ဘာလဲ မမက ကျွန်တော့် ကို မယုံဘူးလား။ ဒါဆို ကျွန်တော် သက်သေပြမယ်။ လာ မမ၊ အခု ကျွန်တော် နဲ့ တခါတည်း လိုက်ခဲ့။ မမကို ကျွန်တော် ခိုးပြေးမယ်”

ကိုဖြိုး က ပြောပြီး ကျွန်မ လက်ကို ဆွဲလိုက်တယ်။ ကျွန်မ ချက်ချင်း ပဲ ပြန်ရုန်းလိုက်တယ်။

“ဖယ်စမ်း ငါ့လက်ကို အခုလွှတ်စမ်း ကိုဖြိုး ”

“မလွှတ်ဘူးဗျာ။ ကျွန်တော် တောင်းပန်ပါတယ် မမရယ်။ ကျွန်တော့် ကို အရင်လိုပဲ မမနဲ့ ပတ်သက်ခွင့် ပေးပါနော်”

“လုံးဝ မပေးနိုင်ဘူး။ အခု ငါ့ကို လွှတ်စမ်း”

“မလွှတ်ဘူးဗျာ”

“ဟင် မင်း”

ကျွန်မက ရုန်း၊ သူက ဆွဲနှင့် ကြာတော့ ကျွန်မခေါင်းတွေ မူးနောက်ရီဝေလာတယ်။ မနေ့ကတည်းက သွေးပေါင်ကျနေတာကြောင့် ကျွန်မ ကိုယ့်ကိုကိုယ် မဟန်နိုင်တော့ဘဲ ခွေယိုင်လဲကျသွားတယ်။

“ဟာ မမ မမ”

ကျွန်မ သတိရလာလို့ ကြည့်လိုက်တော့ မျက်နှာကျက်အမိုးဖြူဖြူတစ်ခုကို တွေ့လိုက်ရတယ်။ ဘေးဘက် မှာ လည်း လိုက်ကာ အစိမ်းနုရောင် တွေ ကာထားတာကို ကြည့်ပြီး ကျွန်မ ဆေးရုံ ဒါမှမဟုတ် အထူးကုဆေးခန်း တစ်ခုခုထဲ ရောက်နေပြီဆိုတာ သတိထားလိုက်မိတယ်။

ပြီးတော့ ကျွန်မရဲ့ ညာဘက်မှာ လည်း ဒရစ်ပိုက်တန်းလန်းနဲ့၊ ဒရစ်ပုလင်းထဲက ဆေးရည်တွေ ဟာ ပိုက်ထဲကို တစ်စက် တစ်စက်နဲ့ စီးဝင်နေတယ်။

ကျွန်မရဲ့ ဘယ်ဘက်ဘေးမှာ တော့ ကိုဖြိုး က ထိုင်နေရင်း ကျွန်မလက်လေးကို အသာအယာ ဆုပ်ကိုင် ထားတယ်။

"သတိရလာပြီလား မမ"

လို့မေးတော့ ကျွန်မ ခေါင်းညိတ်ပြလိုက်တယ်။ ပြီးတော့ သူက ကျွန်မ နဖူးပေါ်က ဆံပင်လေးကို သပ်တင် ပေးရင်း "စိုးရိမ်လိုက်ရတာ မမရယ်" လို့ အဓိပ္ပာယ်ရတဲ့ အပြုံး မျိုးနဲ့ ကျွန်မကို ပြုံး ပြတယ်။

ကျွန်မကလည်း "စိုးရိမ်မနေပါနဲ့တော့ကွယ်၊ မမ ဘာမှ မ ဖြစ်တော့ပါဘူး" လို့ ရင်ထဲက ပြောရင်း သူ့ကို ပြန်ပြုံး ပြလိုက်တယ်။

အဲဒီ အပြုံး နှစ် ခုထဲမှာ သူဟာ ရိုးရိုးကောင်လေး တစ်ယောက် ဖြစ်နေသလို၊ ကျွန်မကလည်း ရိုးရိုး ကောင်မလေး တစ်ယောက် ဖြစ်သွားတယ်။ အတိတ်တွေ ၊ အနာဂါတ်တွေ မရှိတဲ့ တိုင်းပြည်အသစ်တစ်ခုထဲမှာ သူနဲ့ ကျွန်မ အခုမှ ဘွားကနဲ လူ ဖြစ်လာကြသလိုပဲ။

အဲဒီ နေ့က တစ်စက်စက်ချနေတဲ့ ဒရစ်ပုလင်းထဲက ဆေးရည်တွေ ကုန်သွားတဲ့အထိ သူက ကျွန်မ လက်ဖဝါးကို တစ်ချိန်လုံး ဆုပ်ကိုင်ထားတယ်။

ကျွန်မလည်း မရုန်းမိတော့ပါဘူး။

***

နောက်နေ့တွေ မှာ လည်း အားနည်းနေတဲ့ ကျွန်မကို သူက အိမ်လာပြီး ပြု စုယုယနေတော့တယ်။ သွေးအား ပြန်ကောင်းဖို့ Ensure လို အဟာရမှုန့်ဘူး ဝယ်လာပြီး ကျွန်မကို သူကိုယ်တိုင် ဖျော်တိုက်တယ်။ ပြီးတော့ လူမမာ တစ်ယောက် စားတယ်လို့ သူ့စိတ်ထဲမှာ ထင်နေတဲ့ ပေါင်မုန့်၊ ကိတ်မုန့်၊ ပန်းသီး၊ Ovatine၊ ငှက်သိုက်၊ ကြက်ပေါင်းရည် စသဖြင့် တန်ဖိုးကြီးမုန့်တွေ အစုံဝယ်လာပေးတယ်။ ပြီးတော့ ကျွန်မကို မြန်မြန် နေပြန်ကောင်းလို့ ဆိုပြီး နှင်းဆီပန်းအဝါရောင် တစ်စည်းကို ကဗျာဆန်ဆန် လက်ဆောင်ပေးသေးတာ။

အမှန်အတိုင်း ဝန်ခံရရင် အဲဒီ အခိုက်အတန့် ခဏလေးမှာ ပဲ ကျွန်မ သူ့ကို သိပ်ချစ်သွားမိတယ်။ ပြီးတော့ ကျွန်မဘဝမှာ တစ်ခါမှ မခံစားဖူးတဲ့ ကြည်နူးသာယာမှု တွေ က ကျွန်မ အသွေးအသားထဲကို စီးဝင်လာသလိုပါပဲ။ ကျွန်မ ရင်တွေ ခုန်လိုက်တာ။ ကျွန်မလို မိန်းမျိုးရဲ့ ပါးစပ်က ရင်ခုန်တယ်ဆိုတဲ့ စကားကို ပြောလို့ ရှင်တို့ ရယ်ချင်နေမှာ ပေါ့နော်။

တကယ်ပါ၊ သူနဲ့ အခုလို ကြည်နူးခွင့်ရနေတာ တစ်စက္ကန့်လောက်လေးပဲဆိုရင်တောင် အဲဒီ တစ်စက္ကန့် လေးဟာ ကျွန်မဘဝမှာ တသက်လုံး ပြန်လွမ်းနေစေမယ့် ဆုတံဆိပ်တစ်ခု ဖြစ်နေမှာ ပါပဲ။

ကျွန်မကို စွပ်ပြုတ်ခွံ့ပေးနေလို့ အနီးကပ်မြင်နေရတဲ့ သူ့မျက်နှာလေးကို ကျွန်မ ငေးကြည့်နေမိတယ်။ သူက

"သောက်လိုက်ဦးနော် မ၊ ဒါမှ မ မြန်မြန် နေကောင်းသွားမှာ "

ဟင့်အင်း ကျွန်မ နေပြန်မကောင်းချင်ဘူး သိလား။ နေပြန်ကောင်းလာတဲ့အခါ ကျွန်မ အခုလို အခွင့်အရေး ဘယ်ရပါတော့မလဲ။ ကျွန်မက ကလေး တစ်ယောက် လို စိတ်ထဲကနေ ပြောနေမိတယ်။ အဲဒီ လိုနဲ့ ကျွန်မ နေ မကောင်း ဖြစ်နေတဲ့ ၁၅ ရက်အတွင်း သူက မနက်လာ၊ ညပြန်နဲ့ နေ့တိုင်း အိမ်ကိုလာပြီး ကျွန်မကို ပြုစုပေးရှာတယ်။

ကျွန်မကတောင် "မင်း အခုလို မ ဆီကို နေ့တိုင်းလာနေလို့ အိမ်မှာ မရှိတာများ ရင် မင်းအိမ်က ဆူနေဦးမယ်" လို့ ပြောတော့ "ရပါတယ်" လို့ ပြန်ပြောတဲ့ သူ့အသံဟာ သိပ်တော့ အားမရှိလှဘူး။

အဲဒီ လိုနဲ့ ကျွန်မ စိုးရိမ်နေတဲ့ နေ့တစ်နေ့ဟာ တကယ်ပဲ ရောက်လာပါတော့တယ်။

အဲဒီ နေ့က တနင်္ဂနွေနေ့၊ ရုံးပိတ်ရက်ဆိုတော့ မြို့ ထဲမှာ တော့ ကားရှင်းလူရှင်းနဲ့ တိတ်ဆိတ်ခြောက်ကပ် နေမယ်ထင်ပါတယ်။ ကျွန်မတို့ ရပ်ကွက်ထဲမှာ တော့ တနင်္ဂနွေရယ်၊ တနင်္လာရယ် မရှိဘဲ အိမ်တစ်အိမ်နဲ့ တစ်အိမ်က ပွတ်သိပ်နေတာမို့ လူသံသူသံတွေ နဲ့ အမြဲမပြတ် ဆူညံနေကြတယ်။ နေကပူ၊ ဖုန်ကထူနဲ့ ဆူညံနေတဲ့ အသံတွေ

ဟာ တကယ်ကို စိတ်ပျက်ဖွယ်ပါပဲ။

အဲဒီ နေ့က ကျွန်မလည်း ခေါင်းထဲ မူးနောက်နောက် ဖြစ်တာနဲ့ ကိုဖြိုး က ခြံထဲက မာလကာရွက်ကိုခူးပြီး ခြေမွလို့ ကျွန်မနှာခေါင်းဝမှာ တေ့ထားပေးတယ်။ မာလကာရွက်နံ့လေး ရှူလိုက်ရတော့ အနည်းငယ် အမူးပြေသွား သလိုပါပဲ။ ကျွန်မက တိုင်ကပ်နာရီဆီ လှမ်းကြည့်လိုက်တော့ နေ့လယ် ၁ နာရီတိတိ။

ဒါနဲ့ ကျွန်မလည်း ကိုဖြိုး အတွက် နေ့လယ်စာ ပြင်ကျွေးမယ်ဆိုပြီး ထိုင်ရမှ ထလို့ မတ်တပ်ရပ်လိုက်တယ်။

အဲဒီ အချိန်မှာ ပဲ ကျွန်မတို့ အိမ်ရှေ့ကို ကီယာတံဆိပ် MOHAVE အမျိုးအစား ကားအဖြူရောင် တစ်စီး ထိုးဆိုက်လာတယ်။ ပထမတော့ ဆိုင်လာနေကျ ဧည့်သည်များ လားဆိုပြီး မျက်နှာတစ်ချက် ပျက်သွားတယ်။

အထိတ်တလန့်နဲ့ ကိုဖြိုး ဆီကို ဖျတ်ကနဲ ကြည့်လိုက်တော့ သူ့မျက်နှာပေါ်မှာ ကြောက်ရွံ့ရိပ် အထင်းသား ပေါ်နေပြီး ခြေမကိုင်မိ၊ လက်မကိုင်မိ ပုံစံကို မြင်လိုက်ရတော့ ကျွန်မ နားမလည်နိုင် ဖြစ်သွားတယ်။

အဲဒီ အချိန်မှာ ပဲ အရပ်မြင့်မြင့်၊ မျက်နှာသွယ်သွယ်နဲ့ တန်ဖိုးကြီး အဝတ်အစားတောက်တောက်ပပ ဝတ်ထားပြီးတော့ စိန်တွေ ညွှတ်နေအောင် စီခြယ်ထားတဲ့ ကျွန်မနဲ့ အရွယ် မတိမ်းမယိမ်း အမျိုးသမီး တစ်ယောက် က အိမ်ပေါ်တက်လာတယ်။

"မမကြီး"

ကိုဖြိုး က အဲဒီ လိုခေါ်ပြီး ထိုင်နေရာမှ မတ်တပ်ထရပ်လိုက်တယ်။ အဲဒီ အမျိုးသမီးက မျက်နှာထားကို တည်ထားရင်း

"အော် နင်က ငါ့မောင်ကို အိမ်ပေါ်တောင် ခေါ်တင်ထားပြီပေါ့ ဟုတ်လား"

"ရှင်"

ကျွန်မက မျက်လုံးအဝိုင်းသားနဲ့ ကြောင်သွားတယ်။ တဆက်တည်းပဲ ဒီအမျိုး

းသမီးဟာ ကိုဖြိုး ရဲ့ အစ်မပဲ ဆိုတာ သဘောပေါက်လိုက်တယ်။

"ဘာလဲ ဘာ အခုမှ အ ချင်ယောင်ဆောင်နေတာလဲ။ ကြည့်စမ်းပါဦး။ ခြုံစားထားတဲ့ လက်ဆောင်တွေ ကလည်း ပုံလို့ပါလား၊ ကဲဟာ"

"ဒုန်း ဂွမ်း ချလွမ်"

အဲဒီ အမျိုးသမီးက ပြောလည်း ပြောရင်း၊ ဒေါက်ဖိနပ်စီးထားတဲ့ သူ့ခြေထောက်နဲ့ ကိုဖြိုး ဝယ်ပေးထားတဲ့ အစားအသောက်ပစ္စည်းတွေ ကို ကန်ပစ်လိုက်တယ်။ ပစ္စည်းတွေ က ကြမ်းပြင်ပေါ် ပြန့်ကျဲသွားတယ်။

ကျွန်မက အလန့်တကြားနဲ့ နောက်ဆုတ်ရှောင်လိုက်ရင်းက အဲဒီ အမျိုးသမီးကို အံ့ဩတကြီး ဖျတ်ကနဲ ပြန်ကြည့်လိုက်မိတယ်။

"ဘာလဲ နင်က ဘာကြည့်တာလဲ။ နင်လို အောက်တန်းစားမက ငါ့ကို ဘာလို့ ပြန်ကြည့်တာလဲ။ မကျေနပ် ဘူးလား"

"မ မဟုတ် ကျွန်မ ကျွန်မ ဟို"

ထင်မှတ်မထားတဲ့ အခြေအနေကြောင့် ကျွန်မ ဘာပြောရမှန်း မသိတော့ဘဲ စကားလုံးတွေ က သဲပုံထဲ ရေလောင်းချလိုက်သလိုမျိုး လည်ချောင်းဝမှာ တင် ပျောက်သွားတယ်။

"တော် စမ်း ငါ့ရှေ့မှာ မခုတ်တတ်တဲ့ ကြောင်လို လုပ်ပြမနေနဲ့။ ဒီမှာ နင့်အကြောင်းတွေ ငါ အားလုံး သိပြီးပြီ။ နင်က ကေတီဗီမှာ အလုပ်လုပ်တဲ့ ကောင်မ မဟုတ်လား"

ကျွန်မ ကြောင်သွားတယ်။ ပြီးတော့ ဘယ်ကမှန်းမသိတဲ့ မျက်ရည်တွေ ပိုးပိုးပေါက်ပေါက် ကျလာတယ်။

"နင်တို့လို ကောင်မမျိုးတွေ ရဲ့ အကျင့်ကို ငါသိတယ်။ ပလီစိချောက်ချက်နဲ့ လိုချင်တာရဖို့ ယောကျ်ား တကာကို မျက်ရည်ခံထိုးပြီး လုပ်စားနေတဲ့ နင်လို ကောင်မမျိုးက

ငါ့မောင်ကို အပိုင်ချိုင်ချင်တယ်ပေါ့ ဟုတ်လား။ မရဘူးနော်။ ငါ့နာမည် ကေရီထွင်နှ်တဲ့ မှတ်ထား။ နင့်ကို ငါ အခု ပါးဆွဲရိုက်ပစ်လိုက်လို့ ရတယ်။ နားလည်လား”

အဲဒီ ကေရီထွင်နှ်ဆိုတဲ့ အမျိုးသမီးရဲ့ စကားတွေ ဟာ ကျွန်မနားထဲမှာ မိုးခြိမ်းသံတွေ လို ပြင်းထန် ကျယ်လောင်နေတယ်။ ကျွန်မမှာ တုန့်ပြန်ဖို့ ဘာစကားလုံးမှ ရှာမရဘဲ သူ့ရှေ့မှာ ကြောင်အသေ တစ်ကောင်လို ရပ်နေမိတယ်။ အိပ်မက်များ လားလို့ ကြိုး စားပြီး မျက်လုံးတို့ မှိတ်ထားကြည့်မိတယ်။ ဒါပေမယ့် မရခဲ့ဘူး။ ကျွန်မက အားတင်းပြီးတော့

“မဟုတ် မဟုတ်ပါဘူး။ ကျွန်မ ရှင်းပြပါရစေဦးနော်”

“တော် စမ်းပါဟာ နင့်လို ကောင်မမျိုးရဲ့ စရိုက်ကို ငါ ကောင်းကောင်းသိတယ်ဟဲ့။ ဒီမှာ မိန်းမ တစ်ယောက် မှာ အပျိုစင်ဆိုတာ ဂုဏ်ဟဲ့။ ဟိုလူ့အဖက်ခံ၊ ဒီလူ အတို့အဆိတ် ခံနေတဲ့ နင်လိုမိန်းမမျိုးမှာ အပျိုဂုဏ် ဘယ်နပြား ရှိမှာ မို့လို့လဲ”

“မမကြီး ကျွန်မတော့ မကို အဲဒီ လို မပြောနဲ့”

ကိုဖြိုး က ခံပြင်းနာကြည်းသံနဲ့ အော်ဟစ်လိုက်တယ်။

“မင်း မသိပါဘူး။ ဒင်းတို့က ဖာသာသာ ငါ့မောင်ရဲ့ ။ ဟဲ့ ဒီမှာ နင် သိထားဖို့က ငါတို့အမျိုးထဲမှာ လက်မထပ်ဘဲ ယောကျ်ားနဲ့ ပလူးတဲ့ မိန်းမမျိုး မရှိဘူး။ ထွီ ရွံစရာကောင်းလိုက်တာ”

မိုးကြိုး သွားတွေ လို ပြတ်ရှ ကြမ်းတမ်းလှတဲ့ ကေရီထွင်နှ်ရဲ့ စကားတွေ ဟာ ကျွန်မကို အပိုင်းပိုင်း အထစ်ထစ် ခုတ်ဖြတ်လိုက်သလိုပဲ။ ကျွန်မ ဒူးတွေ ခွေညွတ်ချင်လာတယ်။ အသက်ကို မနည်းကြိုး စားပြီး ရှူသွင်းနေပေမယ့် ခံပြင်းနာကြည်းမှု တွေ က မီးတောင်ထဲ ချော်ရည်ပူတွေ လို ပြည့်လျှံကျလာတယ်။

“ဒီမှာ နင့်ကို ငါ တခါတည်း အပြတ်ပြောမယ်။ ငါတို့ အမျိုးက ဂုဏ်နဲ့ ဒြပ်နဲ့ နေကြတာဟဲ့။ နင့်လို ယောကျ်ားတကာရဲ့ ရင်ခွင်ကို အိပ်ယာလုပ် အိပ်နေတဲ့ မိန်းမနဲ့

ငါ့မောင်နဲ့ လုံးဝ သဘောမတူဘူးနော်။ နင် ငါ့မောင်နဲ့ ဘယ်တော့မှ ထပ်မပတ်သက်နဲ့တော့။ နောက်တစ်ခါဆို ငါ လာမပြောတော့ဘူး။ နင့်ကို ပြည့်တန်ဆာမှု နဲ့ ထောင်ထဲ ထည့်ပစ်လိုက်မယ် နားလည်လား”

ဧကရီထွင့်က ပြောပြီး ကိုဖြိုး လက်ကို ခပ်ကြမ်းကြမ်း ဆွဲခေါ်လိုက်တယ်။

“မလိုက်ဘူး၊ ပြန်မလိုက်ဘူး။ မ မ ကျွန်တော် တောင်းပန်ပါတယ်။ ကျွန်တော့် ကို မမုန်းပါနဲ့နော်”

“လာစမ်းပါ ငါ့မောင်ရယ်။ ဒီလို ကောင်မမျိုးမှာ ဘာတန်ဖိုးမှ မရှိပါဘူး။ မက်မော မနေစမ်းပါနဲ့”

“မရဘူးဗျာ၊ ကျွန်တော် မကိုပဲ ချစ်တယ်”

ကိုဖြိုး ကတော့ စကားတွေ ဆက်ပြောနေလေရဲ့ ။ ကျွန်မ နားထဲမှာ တော့ ဘာသံမှ မကြားရတော့ဘူး။ နားနှစ် ဖက်လုံးဟာ တူနဲ့ အထုခံရသလို ထူထူထိုင်းထိုင်းနဲ့ အူပြီး ကျန်ခဲ့တယ်။

ကျွန်မက နတ်ဝင်ပြီး ပြန်ထွက်သွားတဲ့ နတ်ဝင်သည် တစ်ယောက် လို မောဟိုက်ခြေကုန်လက်ပန်းကျပြီး နေရာမှာ တင် ပုံကနဲ လဲကျသွားတော့သည်။

အသက်ကို မှူင်းမှူင်းရှိုက်ရှုလိုက်တော့ မျက်လုံးထဲက မျက်ရည်တွေ က မီးမြို က်ခံရတဲ့ ဖယောင်းတိုင်က ဖယောင်းရည်တွေ လို အဆက်မပြတ် စီးကျလာတယ်။

အဲဒီ အချိန်မှာ ပဲ ကျွန်မရဲ့ ကြီးတော် မြက အိမ်ပေါ်ကို စိုးရိမ်တကြီး ပြေးတက်လာတယ်။

“ဟဲ့ ဟဲ့ တင်တင်ခိုင် ညည်း ဘာ ဖြစ်တာလဲ။ စောစောက ညည်းဆီလာသွားတာ ဧကရီထွင့် မဟုတ်လား။ သူနဲ့ ညည်း ဘာပြဿ နာ တက်ကြတာလဲဟင်”

“ဧကရီထွင့်ကို ကြီးတော် က သိတယ်ဟုတ်”

“ဟယ် သိတာပေါ့အေ။ ငါ ဟိုတခါ အလုပ်လုပ်တဲ့ အိမ်က သူဌေးသမီးပေါ့”

“ဟင် ဘယ်လို၊ ဟာ ဒါ ဒါဆို ဟိုတခါ ကြီးတော် ပြောတဲ့”

“ဟုတ်ပါ့အေ၊ ကလေးကို တိတ်တိတ်ပုန်းမွေးပြီး ချက်ကြိုး မဖြတ်ဘဲ ပစ်ထားလိုက်တယ်ဆိုတာ အဲဒီ သူဌေးသမီး “ဧကရီထွဋ်” ပဲပေါ့”

“ဪ”

***

(၅)

ဒီညနေလည်း ထုံးစံအတိုင်း ကျွန်မ အလုပ်ကို ထွက်လာခဲ့တယ်။ ဆူညံနေတဲ့ အီလက်ထရောနစ်မြူး ဇစ် တွေ ၊ နံစော်နေတဲ့ ယာမကာခွက်တွေ ၊ အဆီပြန်ပြီး ရမ္မက်ထန်နေတဲ့ မျက်နှာတွေ နဲ့ ပြည့်နေတဲ့ ကေတီဗီဆိုတဲ့ နေရာကိုပေါ့။

ကျွန်မနဲ့ ဘ၀တူ မိသားစုတွေ အတွက်ကျတော့ ထမင်းလုတ်တွေ ဖန်တီးပေးနေတဲ့ နေရာ၊ ကျွန်မ မိဘ အတွက် အသက်ရှင်ဆေးတွေ ပေးတဲ့နေရာ၊ ကျွန်မ မောင်လေးနဲ့ ညီမလေးအတွက် သူတို့ အနာဂတ်ကို လှပအောင် ဖန်တီးပေးနေတဲ့ နေရာတစ်ခုပေါ့လေ။

အဲဒီ လို တွေ တွေ ငေးငေးလမ်းလျှောက်လာရင်းနဲ့ လမ်းထိပ်နားက ရေကန်ကြီးတစ်ခုကို ရောက်တော့ လည်း ဘာရယ်မဟုတ် ငေးကြည့်နေမိပြန်ရော။ ရေပြင်မှာ အရိပ်ထင်နေတဲ့ ညနေဆည်းဆာရဲ့ တိမ်တွေ ဟာ ညို့ ညို့ မှိုင်းမှိုင်းနဲ့ အိပ်မက်ဆန်နေတယ်။

အဲဒီ အချိန်မှာ ငှက်ကလေးတစ်အုပ်က ရေပြင်ကို ဖြတ်ပြီး ပျံသန်းသွားတယ်။ ဪ ငှက်ကလေးတွေ တောင် သူတို့ရဲ့ အသက်ရှင်ရေး အတွက် တနေ့တာ ရှာဖွေစားသောက်ပြီးလို့ မိသားစုနဲ့အတူ နေဖို့ အသိုက်အမြုံလေးတွေ ထဲကို

အိပ်တန်းပြန်နားခိုကြတော့မယ် ထင်ပါရဲ့ ။

ကျွန်မ ကတော့ အခုမှ အခန္တရာယ်အထပ်ထပ်ထဲကို တိုးဝင်သွားရဦးမှာ ။ အဲဒီ အချိန်မှာ ပဲ ကျွန်မတို့ ရပ်ကွက် ထဲက မိန်းမကြီးနှစ် ယောက် က ကျွန်မ အနားကနေ ဖြတ်သွားကြတယ်။ ကျွန်မကို ကြည့်ပြီး မေးငေါ့ကြ၊ အချင်းချင်း တီးတိုးပြောသွားကြနဲ့။

သူတို့ ဘာတွေ ပြောကြမယ်ဆိုတာ ကျွန်မ သိပါတယ်လေ။

ကျွန်မက ကေတီဗီခန်းက မိန်းမပေါ့။ ယောကျ်ားတကာရဲ့ အဖက် အကိုင် အတို့ အဆိတ်ကို ခံရင်း ပိုက်ဆံရှာနေတဲ့ မိန်းမလို့ပေါ့။

ဒီလို အပြောမျိုးတွေ ဟာ ကျွန်မနောက်ကွယ်မှာ ပြောနေကျမို့လို့ ရိုးနေပါပြီလေ။ သြော် သူတို့ရဲ့ သတ်မှတ် ချက်တွေ က လွယ်လိုက်ကြတာ။ မိန်းမ တစ်ယောက် များ ကေတီဗီမှာ အလုပ်လုပ်ပြီဆိုရင် စာရိတ္တမကောင်းတဲ့ ပေါ့သွမ်းသွမ်းရေပေါ်ဆီလို့ ထင်ပစ်လိုက်ကြရော။

အေးပေါ့လေ ရင်ဘတ်ကို ခွဲပြီး နှလုံးသားကို မြင်ရတာ မှ မဟုတ်တာ။ နှလုံးသားချင်း ပြိုင်ရမယ်ဆိုရင် ကာရာအိုကေခန်းက ကျွန်မလို မိန်းမကလည်း ဘယ်လို အမျိုးကောင်းသမီးနဲ့မဆို ယှဉ်ရဲပါတယ်။ ကျွန်မတို့ဟာ ဒီလို ဆေးလိပ်ငွေ့တွေ ၊ တဏှာငွေ့တွေ ထောင်းထောင်းထနေတဲ့ သတ်ကွင်းကြီးထဲမှာ လည်စင်းပေးရမယ် ဆိုတာ သိသိကြီးနဲ့ ကိုယ့်ကိုကိုယ် တစ်ကိုယ်လုံး မျက်လုံးစုံမှိတ်ပြီး ဇွတ်နှစ် လှမ်းဝင်သွားနေတဲ့ အချိန်မှာ ဂုဏ်သရေရှိ အမျိုးသမီးတွေ က ကျောင်းကန်ဘုရားသွားဖို့ တဘက်လေးတွေ ပခုံးတင်ပြီး ထွက်လာကြချိန်လည်း ဖြစ်ရင် ဖြစ်မယ်။

အပျိုစင်ပါလို့ အမျိုးသမီးကောင်းလေးတွေ သူတို့ရဲ့ ဘဝကြင်ဖော်နဲ့ သစ္စာတိုင် စကားတွေ ဆိုနေတဲ့ အချိန်လည်း ဖြစ်ရင် ဖြစ်မယ်။

ပူပင်သောက မရှိတဲ့ ထမင်းဝိုင်းမှာ မိသားစု လက်ဆုံစားရင်း ရယ်မောနေကြတဲ့အချိန်လည်း ဖြစ်ရင် ဖြစ်မယ်။

ဒါတွေ ဟာ ဘဝပေးကုသိုလ်တွေ ပဲလေ။

မလိုမုန်းထား ဖြစ်စရာ အကြောင်း မရှိသလို ကိုယ့်ဘဝနဲ့ နှိုင်းယှဉ်ပြီး ဝမ်းနည်းနေစရာလည်း မလိုပါဘူး။ တစ်ခုပဲ နာကျင်မိတာက သူတို့မှာ အဲဒီ လို နေနိုင် စားနိုင် ဝတ်နိုင်တဲ့ ဘဝတစ်ခုကို ပိုင်ဆိုင်နေတာနဲ့ပဲ သူတို့ဟာ ဂုဏ်သရေရှိရောတဲ့လား။

သိက္ခာတရား တန်ဖိုး မြင့်မားသူတွေ တဲ့လား။

အဲဒီ လို တွေ းနေတဲ့အချိန်မှာ ပဲ လေပြည်တစ်ချက် ကျွန်မ မျက်နှာဆီကို ဝေ့ဝဲတိုက်ခတ်သွားတယ်။ ဆောင်းတွင် းမို့လို့လား မသိဘူး။ လေက အေးစိမ့်နေတာပဲ။ လေအရှိန်ကြောင့် ကျွန်မ ပါးပြင်ပေါ်မှာ မျက်ရည်တွေ စီးကျနေတာကို သတိထားလိုက်မိတယ်။

ဟင့်အင်း ကျွန်မ ငိုနေတာ မဟုတ်ပါဘူး။ မျက်ရည်တွေ အလိုလို ကျနေတာပါ။

မျက်လုံးထဲက ကျနေတာကို မကျပါနဲ့လို့ ပြောဖို့ ကျွန်မ ဘယ်လိုလုပ်ပြီး တတ်နိုင်မှာ လဲ။ လူဆိုတာ ဒီလိုပဲ ပေါ့။ ကိုယ် မတတ်နိုင်တဲ့ အရာတွေ လည်း ဘဝမှာ ကြုံရမှာ ပါပဲ။ ကျွန်မ အခုလုပ်နေရတဲ့ အလုပ်ကိုပဲ ကြည့်လေ။ လူတကာက အိမ်သာလို သဘောထားကြတဲ့ ကေတီဗီဆိုတဲ့ နေရာကို ပြောတာပါ။ အိမ်သာဆိုတာ လူတွေ က ကိုယ် မလွယ်နိုင်တဲ့ အညစ်အကြေးတွေ စွန့်ထုတ်ကြတယ် မဟုတ်လား။ ပြီးရင် အိမ်သာကိုပဲ ရွံရှာစရာနေရာလို တံတွေ းထွေးပြီး ပြန်ထွက်သွားကြတယ်လေ။

ကေတီဗီကို လာတဲ့ လူတွေ ကလည်း သူတို့ရဲ့ အာသာဆန္ဒတွေ ၊ သူတို့အိမ်ရဲ့ ညစ်နွမ်းမှု တွေ ကို စွန့်လွှတ် ဖြေလျှော့ဖို့အတွက် လာကြတယ်။ ပြီးတော့လည်း ကေတီဗီကို ညစ်ညမ်းတဲ့ ရွံရာစရာနေရာတစ်ခုလို့ သူတို့ကပဲ လျှောက်ပြောကြပြန်ရော။

ကျွန်မအဖို့ ကတော့ ပြောင်းလဲရွေးချယ်ဖို့ မတတ်နိုင်တဲ့အလုပ်တစ်ခုအ ဖြစ် အဲဒီ လူတွေ မေးငေါ့ကြတဲ့ နေရာကိုပဲ ဒီညနေမှာ လည်း ထပ်ပြီး သွားရဦးမယ်လေ။

ကျွန်မက တွေ တွေ ငေးငေးနဲ့ ကားဂိတ်ဆီကို ဖြတ်လျှောက်လာတယ်။

ကားဂိတ်မှာ တော့ ရုံးပြန်တဲ့ အမျိုးသားတွေ ၊ အမျိုးသမီးတွေ ဟာ အိတ်ကိုယ်စီ၊ ခြင်းကိုယ်စီနဲ့ ကားအလာကို စောင့်မျှော်နေကြလေရဲ့ ။ ကျွန်မ လည်း သူတို့ရှေ့က ဖြတ်လျှောက်လာခဲ့တယ်။

အဲဒီ အချိန်မှာ ဘတ်စ်ကားစောင့်တဲ့ခုံမှာ ထိုင်ရင်း ဖုန်းကိုယ်စီ ပွတ်နေရာက အပြန်အလှန်ပြောနေတဲ့ လူငယ် နှစ် ယောက် ရဲ့ အသံကို ကြားလိုက်ရတယ်။ တစ်ယောက်က ဖုန်းကို ထိုးပြရင်း

“ဟေ့ကောင် ဒီမှာ ကြည့်စမ်း၊ ငါတို့နိုင်ငံက သွားပြိုင်တဲ့ မယ်လေးက ဘီကီနီနဲ့ အရမ်းလန်းတယ်ကွာ။ ဘီကီနီဝတ်လိုက်တော့ ကိုယ်လုံးကိုယ်ပေါက်က ဖိလစ်ပိုင်တို့၊ ဗီယက်နမ်တို့က လာပြိုင်တဲ့ မယ်တွေ ထက်တောင် သာသွားသေးတယ်။ ငါ့စိတ်ထင်တော့ Miss Crown ရသွားနိုင်တယ်နော်”

“ဟာ သူ့ဘာသာ Miss အရွေးခံရတော့ရော တို့တွေ လို လက်လုပ်လက်စားတွေ အတွက် ဘာ ဖြစ်လာမှာ မို့လို့လဲကွာ။ စပါးအထွက်တိုးတာလည်း မဟုတ်၊ တိုင်းပြည်အတွက် လျှပ်စစ်ဓာတ်အားထုတ်ပေးနိုင်တာလည်း မဟုတ်နဲ့ကွာ”

“ဟ ကိုယ့်နိုင်ငံသားက နိုင်ငံခြားမှာ သွားပြိုင်ပြီး Miss ရတယ်ဆိုတာ ဂုဏ်ယူရမှာ ပေါ့ကွ”

“မွေးရာပါ မိန်းမမျက်နှာနဲ့ ကိုယ်ခန္ဓာကို အမိကထားပြီး ဆုပေးတာ လူမျိုးတစ်မျိုးလုံး ဂုဏ်တက်သတဲ့လား ကွာ”

“မင်း မသိဘဲ စွတ်မပြောနဲ့ကွ၊ တခြားဟာတွေ လည်း ပြိုင်ရသေးတာ။ မယ်ဘွဲ့ရဖို့ဆိုတာ လွယ်တာ မဟုတ်ဘူး။ ဂုဏ်မရှိရင် ဘယ်သူက အားအားယားယား ဝင်ပြိုင်ပါ့မလဲ”

သူတို့နှစ် ယောက် ရှေ့က ဖြတ်သွားတော့ အဲဒီ လူငယ်နှစ် ယောက် က ဆက်ပြီး ငြင်းခုံရင်း ကျန်နေခဲ့ကြ တယ်။ သူတို့ပြောတာကို နားထောင်ရင်း ကျွန်မ ခြေလှမ်းတွေ တောင် နှေးသွားသလိုပဲ။ ဘာ ဖြစ်လို့လဲဆိုတော့ သူတို့ အပြန်အလှန်ငြင်းခုံနေတဲ့ စကားတွေ

ထဲမှာ ကျွန်မအတွက် စဉ်းစားစရာတွေ ငြိတွယ်ပါလာလို့ပါပဲ။

တစ်နေ့နေ့ တစ်ချိန်ချိန် ကျွန်မဘဝကို လုံခြုံအောင် တည်ဆောက်နိုင်ဖို့ ရောင်ခြည်လေး သန်းလာပြီးဆိုရင် တော့ အခုလုပ်နေတဲ့ ကေတီဗီသားရဲတောကို ကျွန်မ ကျောခိုင်းထွက်ဖို့ ကြိုး စားမှာ ပါ။

အဲဒီ အခါကျရင်တော့ လူတွေ ကို လိုက်ပြီး မေးကြည့်ချင်ပါသေးတယ်။

"မိန်းမ တစ်ယောက် ရဲ့ ဂုဏ်သိက္ခာဆိုတာ ဘာကို ခေါ်တာလဲ" လို့။

ထက်မြက်နိုင်ဇင်

နိုဝင်ဘာ၊ ၂၀၁၄။

***